# အမျိုးသားများအား လုပ်ပိုင်ခွင့်တာဝန်အပ်နှင်းခြင်း

## မြန်မာနိုင်ငံရှိ ယောက်ျားပီသမှုလက္ခဏာများ၊ ဂျန်ဒါနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း

Jana Naujoks နှင့် မြတ်သန္တာကို ၊ ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလ



PAUNG SIE FACILITY
international alert
PHAN TEE EAIN (CREATIVE HOME)
Thingaha Gender Organization

## နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံသည် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာရေးအုပ်စုများ၊ ဘာသာစကားများနှင့်အတူ ရှုပ်ထွေးသော အခြေအနေများရှိသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဆယ်စုနှစ်ပေါင်းစွာ အာဏာရှင်စနစ်ဖြင့် အုပ်စိုးမှု၊ တံခါးပိတ်ဝါဒကျင့်သုံးအုပ်ချုပ်မှုနှင့် နိုင်ငံအဆင့် တိုင်းရင်းသားနိုင်ငံရေးနှင့် လက်နက်ကိုင်ပဋိပက္ခများ၊ ဒီမိုကရေစီအရေးလှုပ်ရှားမှုများမှစ၍ ပိုမိုကျယ်ပြန့်သော လူမှုရေးအဆင့် မြေယာပဋိပက္ခများအထိ အပြန်အလှန် ဆက်နွယ်ချိတ်ဆက်နေသည့် အမျိုးမျိုးသော ပဋိပက္ခများက ထိုသို့ ရှုပ်ထွေးသော အခြေအနေများကို ဖန်တီးဖြစ်ပေါ်စေခဲ့ခြင်း ဖြစ်ပါသည်။ ထို့ပြင် အိမ်တွင်း အကြမ်းဖက်မှုကဲ့သို့ အိမ်ထောင်စုအဆင့် ပဋိပက္ခများကိုလည်း တွေ့မြင်ရပါသည်။ အခြားနိုင်ငံများ နည်းတူ မြန်မာနိုင်ငံတွင်လည်း အဆိုပါ အကြမ်းဖက်မှုပုံစံအမျိုးမျိုးသည် အမျိုးသားများ၊ အမျိုးသမီးများ၊ ယောက်ျားလေးများ၊ မိန်းကလေးများနှင့် မတူကွဲပြားသော လိင်ဝိသေသခံယူမှု ရှိသူများအပေါ် ကွဲပြားသော နည်းလမ်းအမျိုးမျိုးဖြင့် ထိခိုက်စေလျက်ရှိပါ သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ၂၀၁၀ ခုနှစ်က ပင်စတင်လုပ်ဆောင်ခဲ့ပြီး နိုင်ငံအဆင့် အပစ်အခတ်ရပ်ဆဲရေး စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ၂၀၁၅ ခုနှစ်တွင် တစ်စိတ်တစ်ပိုင်း အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ ငြိမ်းချမ်းရေးသဘောတူညီမှုရရှိရန် ဦးတည်ပြီး နိုင်ငံရေးဆွေးနွေးပွဲများကို ဆက်လက် လုပ်ဆောင်လျက်ရှိသည်။ ယခုလက်ရှိကာလအထိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၂၁ ခု အနက် အဖွဲ့အစည်း ၁၀ ခုသာ နိုင်ငံအဆင့် အပစ်အခတ်ရပ်ဆဲရေး စာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်သည်။ ရှုပ်ထွေးလှသော လုပ်ငန်းစဉ်များကြောင့် တုံ့ဆိုင်းလျက် ထွက်ပေါက်မရှိသော အခြေအနေအားဖြင့် အကြီးဆုံးသော လက်နက်ကိုင် အဖွဲ့အစည်းကြီး နှစ်ခုအား ၂၀၁၈ နောက်ပိုင်းတွင် ၄င်းတို့ပါဝင်မှုအား ဆိုင်းငံ့မှုဖြစ်စေခဲ့သည်။

**ယောက်ျားပီသမှုဆိုင်ရာ စံသတ်မှတ်ချက်များကို အသုံးချကာ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာအောင် ခြယ်လှယ်နိုင်သည်။**

## ဂျန်ဒါအကြောင်း စဉ်းစားရာတွင် ယောက်ျားပီသမှုလက္ခဏာများကို ထည့်သွင်းစဉ်းစားရန် အဘယ်ကြောင့် အရေးကြီးသနည်း

ပဋိပက္ခအကြောင်း နားလည်သိရှိရန် ကြိုးပမ်းရာတွင်၊ ငြိမ်းချမ်းရေးနှင့် လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှု ရရှိအောင် ဆောင်ရွက်ရာတွင် ဂျန်ဒါ၏အရေးပါမှုကို ပိုမိုသိရှိလာကြပြီဖြစ်သည်။ ဂျန်ဒါအတွက် သီးသန့် ဆောင်ရွက်သော ဖွံ့ဖြိုးမှု အစီအစဉ်များလည်း တိုးပွားလာပါသည်။ လက်တွေ့တွင် အဆိုပါ အစီအစဉ်များသည် အမျိုးသမီးများ၏ နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေးကို အဓိက ဦးတည်ဆောင်ရွက်ကြခြင်း ဖြစ်သည်။ ယခင်က အမျိုးသားများ ကြီးစိုးသော နယ်ပယ်များ၊ လုပ်ငန်းများတွင် အမျိုးသမီးများ ထိထိရောက်ရောက်နှင့် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်မှု တိုးပွားလာအောင် လုပ်ဆောင်ရေးသည် ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ သို့သော် အများနားလည်သိရှိမှု နည်းပါးသေးသော ကျားမတန်းတူညီမျှ မရှိမှု ပြဿနာ၏ အခြား 'မျက်နှာစာ' တစ်ခုမှာ အမျိုးသားများနှင့် ယောက်ျားလေးများ တွေ့ကြုံခံစားရမှုများကို ကိုင်တွယ်ဖြေရှင်းပေးခြင်း ဖြစ်ပါသည်။

ယောက်ျားပီသမှုနှင့်စပ်လျဉ်း၍ လူ့ဘောင်အဖွဲ့အစည်းမှ ထားရှိသော မျှော်လင့်ချက်များကို မကြာခဏဆိုသလို လျှစ်လျူရှုထားတတ်ကြပါသည် (သို့မဟုတ် အလေးအနက် မထားတတ်ကြပါ)။ ယောက်ျားပီသမှုလက္ခဏာများဆိုသည်မှာ အမျိုးသားများဖြစ်နေခြင်းကြောင့် ၄င်းတို့အနေဖြင့် တစ်နည်းနည်းဖြင့် လုပ်ဆောင်ရန် သို့မဟုတ် ပြုမူရန် လူ့ဘောင်အဖွဲ့အစည်းမှထားရှိသော မျှော်လင့်ချက်များဖြစ်ပြီး ထိုမျှော်လင့်ချက်များသည် ပဋိပက္ခ သို့မဟုတ် အကြမ်းဖက်မှုကို ဦးတည်စေသော အကြောင်းများ ဖြစ်လာနိုင်ပါသည်။ သို့သော် အမျိုးသားများအား လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအခြေပြုအကြမ်းဖက်မှု (SGBV) ကို တားဆီးကာကွယ်ရန်အတွက်ကိုသာ အဓိကဦးတည်၍ နှီးဆော်စည်းရုံး လုပ်ဆောင်သည့် 'အမျိုးသားများနှင့် ထိတွေ့ညှိနှိုင်းဆောင်ရွက်မှု' နည်းလမ်းများကိုသာ အသုံးပြုလုပ်ဆောင်ခြင်းသည် လူဘောင်အဖွဲ့အစည်းမှ ထားရှိသည့်

ယောက်ျားပီသခြင်းဆိုင်ရာ မျှော်လင့်ချက်များကြောင့် အမျိုးသားများ နှင့် ယောက်ျားလေးများအတွက် (အထူးသဖြင့်) အကြမ်းဖက်မှုနှင့်ဆက်နွယ်သည့် ထိခိုက်လွယ်မှုများ တိုးပွားလာနိုင်မှုကို လျစ်လျူရှုထားရာရောက်ပါသည်။ ယနေ့အချိန်အထိ ဤကိစ္စရပ်အား ငြိမ်းချမ်းရေး တည်ဆောက်မှု အစီအစဉ်များတွင် အသိအမှတ်ပြုခြင်း သို့မဟုတ် ကိုင်တွယ်ဖြေရှင်းခြင်း ပြုလေ့မရှိကြပါသည်။ အမျိုးသမီးများ၏ လိုအပ်ချက်များကို နားလည်ပြီး တုံ့ပြန်ဆောင်ရွက်မှုများပြုလုပ်ခြင်းဖြင့် ယောက်ျားပီသသောလက္ခဏာများကို စူးစမ်းခြင်းအား မလျှော့ချမိစေရန် အရေးကြီးသည်။ ဂျန်ဒါ ချဉ်းကပ်ခြင်း နည်းလမ်းအရ အမျိုးသမီး အမျိုးသား နှစ်ဦးလုံးအား ကျယ်ကျယ်ပြန့်ပြန့်လေ့လာလုပ်ဆောင်သင့်သည်။

**ယောက်ျားပီသမှုလက္ခဏာများအကြောင်းကို နားလည်သိရှိရန် အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ ယောက်ျားပီသမှုဆိုင်ရာ စံသတ်မှတ်ချက်များ၊ လူ့ဘောင်အဖွဲ့အစည်းမှ ထားရှိသော မျှော်လင့်ချက်များအား အသုံးချကာ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်လာအောင် ခြယ်လှယ်နိုင်သောကြောင့် ဖြစ်ပါသည်။** ဥပမာ လူ့ဘောင်အဖွဲ့အစည်းသည် အမျိုးသားများအား ပြင်ပမှ ခြိမ်းခြောက်လာသော အန္တရာယ်များဟု ယူဆသည့်အရာများ (ဖွံ့ဖြိုးရေးစီမံချက်များအတွက် မြေယာသိမ်းယူမှုများ အပါအဝင်) မှ ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းများကို ကာကွယ်စောင့်ရှောက်ပေးရမည့်သူများအဖြစ် မျှော်လင့်ချက်များ ထားရှိနိုင်ပါသည်။ ထိုသို့ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ကုမ္ပဏီကြီးများ၊ လက်နက်ကိုင်လုပ်ဆောင်သူများ သို့မဟုတ် အစိုးရအဖွဲ့အစည်းများကဲ့သို့ ပိုမိုဩဇာအာဏာကြီးမားသူများနှင့် အတိုက်အခံပြုလုပ်ရန် လိုအပ်လာသော အခြေအနေများတွင် ခံပြင်းမှုများနှင့် ဖိအားများက အကြမ်းဖက်မှု လုပ်ရပ်များအသွင်သို့ ကူးပြောင်းသွားနိုင်ပါသည်။

**ဤဂျန်ဒါရှုထောင့်အား လျစ်လျူရှုထားသည့် ပဋိပက္ခဆန်းစစ် လေ့လာချက်များနှင့် အရေးယူဆောင်ရွက်ချက်များသည် ပြည့်စုံမှုမရှိဘဲ ငြိမ်းချမ်းရေးအတွက် အရေးပါသည့် ဝင်ပေါက်များကို လက်လွတ်သွားနိုင်ခြေ ရှိပါသည်။** ထိုကဲ့သို့သော စီမံချက်များသည် ၎င်းတို့၏ လုပ်ဆောင်ချက်များမှ ထွက်ပေါ်လာသော အကျိုးသက်ရောက်မှုများကို အပြည့်အဝ နားလည်သိရှိနိုင်ခြင်းမရှိသည့် အခြေအနေသို့လည်း ဆိုက်ရောက်နိုင်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းအားထုတ်မှုများသည် ပဋိပက္ခအခြေအနေများအား ဘက်စုံဆန်းစစ်လေ့လာကာ ဆောင်ရွက်မှသာလျှင် ပိုမိုထိရောက်နိုင်ပါသည်။ ပဋိပက္ခအပေါ် ဂျန်ဒါဆိုင်ရာ စံသတ်မှတ်ချက်များ၏ သက်ရောက်မှုနှင့် ဂျန်ဒါဆိုင်ရာ လူမှုရေးစံများအပေါ် ပဋိပက္ခ၏ သက်ရောက်မှု နှစ်မျိုးစလုံးကို လေ့လာဆန်းစစ်မှသာလျှင် ဘက်စုံဆန်းစစ်လေ့လာသည်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။ လူ့ဘောင်အဖွဲ့အစည်းမှ အမျိုးသားများအပေါ် ထားရှိသော မျှော်လင့်ချက်များသည် ပဋိပက္ခအခြေအနေများ ကို ပုံဖော်ပေးနိုင်ပါသည်။ ဥပမာ အမျိုးသားများသည် လက်နက်ကိုင်တပ်ဖွဲ့များ၊ အုပ်စုများသို့ ဝင်ရောက်ခြင်း၊ အကြမ်းဖက်မှုကို ကျူးလွန်ခြင်း နည်းလမ်းများဖြစ်သည်။ သို့သော် ပဋိပက္ခနှင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်မှုကလည်း အမျိုးသားများအပေါ် ထားရှိသော မျှော်လင့်ချက်များအပေါ် ဩဇာသက်ရောက်နိုင်ပါသည်။ ဥပမာ လူမှုအသိုင်းအဝိုင်းများသည် ပဋိပက္ခကြောင့် ၎င်းတို့၏ လယ်ယာမြေများကို စွန့်ခွာရွှေ့ပြောင်းရသောအခါ အမျိုးသားများသည် အခြားနေရာများကို ရွှေ့ပြောင်းသွားလာကာ အလုပ်အကိုင် ရှာဖွေ၍ ၎င်းတို့၏ မိသားစုများကို ရှာဖွေကျွေးမွေးရမည်ဟူသော မျှော်လင့်ချက်များထားရှိခြင်း ခံရနိုင်ပါသည်။

## နောက်ခံအကြောင်းအရာ

International Alert၊ ဖန်တီးအိမ်နှင့် သင်္ဂဟတို့ ပူးပေါင်းကာ Paung Sie Facility ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ရန်ကုန်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် သုတေသနစီမံချက်တစ်ခုကို ဆောင်ရွက်ခဲ့ပါသည်။ ထိုသုတေသနတွင် အိမ်ထောင်စုအဆင့်နှင့် ရပ်ရွာအဆင့်ရှိ လူမှုရေးစံသတ်မှတ်ချက်များ၊ ၎င်းတို့ကို နားလည်လက်ခံထားပုံနှင့် ၎င်းတို့၏ ရိုက်ခတ်မှုများအား ဂျန်ဒါဘက်စုံဆန်းစစ်လေ့လာမှုရှုထောင့်မှ ဆန်းစစ်လေ့လာနိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ ဂျန်ဒါဘက်စုံဆန်းစစ်လေ့လာမှုတစ်ခုသည် မြန်မာ့လူဘောင်အဖွဲ့အစည်းအတွင်းရှိ အမျိုးသမီးများ၊ အမျိုးသားများနှင့် မတူကွဲပြားသော လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှုနှင့် လိင်ဝိသေသခံယူမှုများ (SOGI) ရှိသည့် သူများအပေါ် ပဋိပက္ခ၏ သက်ရောက်မှုအမျိုးမျိုးကို ထည့်သွင်းစဉ်းစား လေ့လာပါသည်။ ယောက်ျားပီသမှုဆိုင်ရာ ကိစ္စရပ်အားအိမ်ထောင်စုအဆင့် နှင့် လူမှုရေး ပဋိပက္ခကိစ္စများမှစ၍ တိုင်းရင်းသားနိုင်ငံရေး လက်နက်ကိုင်အကြမ်းဖက်မှုနှင့် ၂၁ ရာစု ပင်လုံငြိမ်းချမ်းရေးလုပ်ငန်းစဉ်အထိ ပဋိပက္ခနယ်ပယ်အားလုံးကို ခြုံငုံကာ လေ့လာသုံးသပ်ထားပါသည်။

ပုံသေကားကျမျှော်လင့်ချက်များအရ ယောက်ျားပီသမှုဆိုင်ရာ အဓိကမျှော်လင့်ချက်နှစ်ခု ပေါ်ထွက်လာစေပါသည် -

- ကာကွယ်စောင့်ရှောက်သူ - မိသားစု သို့မဟုတ် ရပ်ရွာလူမှုအသိုင်းအဝိုင်းအား အန္တရာယ်များမှ၊ ရန်သူများဟု ယူဆသူများမှ ကာကွယ်စောင့်ရှောက်ပေးရန်၊ ကာကွယ်စောင့်ရှောက်ပေးရမည့် လူမှုအသိုင်းအဝိုင်းတစ်ခု ဆိုသည်မှာ မျိုးနွယ်စုတစ်စု၊ တိုင်းရင်းသားအုပ်စုတစ်စု ဖြစ်နိုင်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကိုလည်း ရည်ညွှန်းနိုင်ပါသည်။
- ရှာဖွေကျွေးမွေးသူ - မိသားစုကို ပံ့ပိုးရန်နှင့် စားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ မိသားစုကို ရှာဖွေကျွေးမွေးရန် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ကာလရှည်ကြာ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားနေသည့် အခြေအနေမျိုး သို့မဟုတ် နေရပ်စွန့်ခွာရွှေ့ပြောင်းရသော အခြေအနေမျိုးတွင် အဆိုပါ အဓိကမျှော်လင့်ချက်နှစ်ခုနှင့်အတူ အိမ်ထောင်ပြုရန်၊ မိသားစု ထူထောင်ရန်နှင့် မျိုးနွယ်ကို ထိန်းသိမ်းရန် မျှော်လင့်ချက်များကို ပြည့်မီအောင် ဆောင်ရွက်ရန်မှာ ခက်ခဲပါသည်။ သုတေသနတွင် ယောက်ျားပီသမှုဆိုင်ရာ မျှော်လင့်ချက်များသည်

### အဓိကဝေါဟာရစကားလုံးများ

**ယောက်ျားပီသမှုလက္ခဏာများ (Masculinities)** ဆိုသည်မှာ အမျိုးသားများအား အမျိုးသားဖြစ်နေမှုကြောင့် အချို့သော နည်းလမ်းများဖြင့် လုပ်ဆောင်ရန်နှင့် ပြုမူရန် လူ့ဘောင်အဖွဲ့အစည်းမှ ထားရှိသော မျှော်လင့်ချက်များကို ရည်ညွှန်းပါသည်။ အဆိုပါ မျှော်လင့်ချက်များသည် အသက်အရွယ်၊ လူမှုစီးပွားနောက်ခံ၊ ကိုးကွယ်သည့်ဘာသာ၊ တိုင်းရင်းသားလူမျိုးနှင့် နေရာဒေသကဲ့သို့ အခြားသောအကြောင်းအချက်အမျိုးမျိုးပေါ်မူတည်ကာ အမျိုးမျိုး ကွဲပြားသွားပါသည်။

**ခွဲခြားဆက်ဆံမှုကို ဖြစ်စေသော လူမှုရေးဝိသေသများ၏ အပြန်အလှန်ဆက်နွယ်ချိတ်ဆက်နေမှု(Intersectionality)** - လူမျိုး၊ လိင်ဝိသေသခံယူမှု၊ လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှု၊ ကိုးကွယ်သည့်ဘာသာ၊ စွမ်းရည်နှင့် လူတန်းစား အလွှာကဲ့သို့ လူမှုရေးအုပ်စုများ၏ အပြန်အလှတ်ဆက်နွယ်ချိတ်ဆက်နေသော သဘာဝကို ရည်ညွှန်းခြင်းဖြစ်ပြီး ယင်းသည် ခွဲခြားဆက်ဆံမှု သို့မဟုတ် တစ်ပန်းရှုံးစေမှုတို့ကို အပြန်အလှန်မှီခိုဖြစ်ပေါ်စေသည့်စနစ်များအား ဖန်တီးပေါ်ပေါက်လာစေပါသည်။ ထိုဝေါဟာရအား စတင်တီထွင်သုံးစွဲသူမှာ critical race သီအိုရီကို ဖော်ထုတ်ခဲ့သူ Kimberlé Crenshaw ဖြစ်ပါသည်။

**ဂျန်ဒါဝိသေသ (Gender identity)** - မိမိ၏ ဂျန်ဒါ နှင့်စပ်လျဉ်း၍ လူတစ်ဦး၏ အတွင်းစိတ်ခံစားမှုနှင့် အတွေ့အကြုံများကို ရည်ညွှန်းပြီး ယင်းသည် မွေးရာပါ လိင် သို့မဟုတ် အမျိုးသားနှင့် အမျိုးသမီးဟူ၍ သမားရိုးကျ ခွဲထားသောအုပ်စုများနှင့် ကိုက်ညီချင်မှ ကိုက်ညီပေလိမ့်မည်။

**LGBTQ** - လိင်တူချစ်သူ အမျိုးသမီး၊ လိင်တူချစ်သူ အမျိုးသား၊ လိင်တူလိင်ကွဲ နှစ်မျိုးစလုံးကို ချစ်နိုင်သူ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲခံယူသူ၊ ဆန့်ကျင် ဘက်လိင်အား စိတ်မဝင်စားသူတို့ကို အတိုကောက် ခေါ်ဝေါ်သော စကားလုံးဖြစ်ပြီး အနောက်နိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကာ နိုင်ငံတကာအဖွဲ့အစည်းအမျိုးမျိုးမှ လက်ခံအသုံးပြုကြပါသည်။ LGBT+ LGBT* နှင့် LGBTI ('I' သည် 'intersex' ကို ကိုယ်စားပြုပြီး လိင်အင်္ဂါနှစ်မျိုးစလုံးပါသူဖြစ်သည်) ကဲ့သို့ အခြားအတိုကောက် စကားလုံးများလည်းရှိပါသည်။

**လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှု (Sexual orientation)** - လိင် သို့မဟုတ် ဂျန်ဒါတစ်မျိုးအပေါ် လူတစ်ဦး၏ စိတ်ခံစားချက် ပိုင်းဆိုင်ရာ၊ အချစ်ရေးဆိုင်ရာနှင့်/သို့မဟုတ် လိင်ပိုင်းဆိုင်ရာ ဆွဲဆောင်မှု ဖြစ်ပါသည်။

**SOGI** - လိင်ပိုင်းဆိုင်ရာ တိမ်းညွှတ်မှုနှင့် ဂျန်ဒါဝိသေသ သို့မဟုတ် SOGI ဆိုသည်မှာ ဂျန်ဒါနှင့် ဖိုမလက္ခဏာဆိုင်ရာ ကိစ္စရပ်များကို ရည်ညွှန်းရန်အတွက် အဖွဲ့အစည်း အမျိုးမျိုးနှင့် သုတေသနပညာရှင်အမျိုးမျိုးမှ အသုံးပြုသော အတိုကောက်စကားလုံးတစ်ခုဖြစ်သည်။ မည်သည့်လူအုပ်စုတစ်စုကိုမျှ မရည်ညွှန်းပါ။ အဘယ် ကြောင့်ဆိုသော် လူသားများအားလုံးတွင် လိင်ပိုင်းဆိုင်ရာ တမ်းညွှတ်မှုတစ်ခုနှင့် ဂျန်ဒါဝိသေသမျိုးစုံ ရှိနိုင်သောကြောင့် ဖြစ်ပါသည်။

အကြမ်းဖက်ပဋိပက္ခများကို ပိုမိုဆိုးရွားစေရန် သို့မဟုတ် တိုးပွားစေရန် တွန်းအားပေးနိုင်ပုံ သာဓကများနှင့် အဆိုပါ ပဋိပက္ခအခြေအနေများတွင် နေထိုင်သော အမျိုးသားများ အပေါ် ထိခိုက်လွယ်မှုပုံစံအမျိုးမျိုး ကျရောက်နိုင်ပုံတို့ကို လေ့လာဖော်ထုတ်ခဲ့ပါသည်။ လူ့ဘောင် အဖွဲ့အစည်းမှ ထားရှိသည့် ခွန်အားဆိုင်ရာ မျှော်လင့်ချက်များ၊ ကာကွယ်စောင့်ရှောက်သူနှင့် ရှာဖွေကျွေးမွေးသူအဖြစ် မျှော်လင့်ချက်များသည် ထိခိုက်လွယ်မှုများကို ဖြစ်ပေါ်စေနိုင်ပြီး ထိုထိခိုက်လွယ်မှုများသည် အစီအစဉ်ဒီဇိုင်း သို့မဟုတ် စောင့်ကြည့်လေ့လာမှုနှင့် သုံးသပ်အကဲဖြတ်မှုများတွင် မပါရှိဘဲ လျစ်လျူရှုထားခြင်းခံနေရပါသည်။

## အဓိကတွေ့ရှိချက်များ

### ယောက်ျားပီသမှုဆိုင်ရာ မျှော်လင့်ချက်များနှင့် ဆက်နွယ်သည့် ထိခိုက်လွယ်မှုများ

- **ယောက်ျားပီသမှုဆိုင်ရာ မျှော်လင့်ချက်များ ပြည့်မီအောင် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော စိန်ခေါ်မှုများ** - သုတေသနတွင် မိသားစုကို ရှာဖွေကျွေး မွေးရန်နှင့် ဘာသာရေး၊ လူမှုရေးကိစ္စများ အတွက် လျှုဒါန်းရန်ဟူသည့် လူ့ဘောင်အဖွဲ့အစည်း၏ မျှော်လင့်ချက်များကို ပြည့်မီအောင် ကြိုးပမ်းရာတွင် အမျိုးသား အများစု ရင်ဆိုင်နေရသော စိန်ခေါ်မှုအမျိုးမျိုးကို လေ့လာဖော်ထုတ်ခဲ့ပါသည်။ နိုင်ငံ၏ အချို့နေရာဒေသများတွင် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ပွားနေသည်မှာ နှစ်ပေါင်း ၆၀ ကျော် ကြာမြင့်လာခဲ့ပြီဖြစ်ခြင်း၊ ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံသည် တစ်သီးတစ်ခြား ဖြစ်နေခဲ့ပြီး ထိခိုက်ပြိုလဲလွယ်သော စီးပွားရေးအခြေအနေများကြောင့် မြန်မာနိုင်ငံရှိ အမျိုးသား အများစု အထူးသဖြင့် "အောက်ဆုံး အလွှာ" ရှိ အဆင်းရဲဆုံးသော လူတန်းစားအလွှာများမှ အမျိုး သားများအတွက် အဆိုပါ အခြေခံမျှော်လင့်ချက်များကို ပြည့်မီအောင် ဆောင်ရွက်ရန် ခက်ခဲပါသည်။ တင်းကျပ်၍ လက်တွေ့မကျသော ယောက်ျားပီသမှုဆိုင်ရာ မျှော်လင့်ချက်များက မချင့်မရဲဖြစ်မှု၊ ဆောက်တည်မရဖြစ်မှုတို့ကို ဖြစ်ပေါ်လာစေပြီး မူးယစ်ဆေးဝါး သုံးစွဲခြင်း သို့မဟုတ် မိုက်ရူးရဲဆန်စွာပြုမူခြင်း ကဲ့သို့ ၎င်းတို့ဇာသာ ၎င်းတို့ အကြမ်းဖက်ခြင်း သို့မဟုတ် အိမ်တွင်း အကြမ်းဖက်မှုကဲ့သို့ မိသားစုကို အကြမ်းဖက်ခြင်း ပုံစံများဖြင့် ဖွင့်ထုတ်စေနိုင်ပါသည်။

> **ဂျန်ဒါဆိုတာ အမျိုးသားများ၏ အရေးကိစ္စလား**

- **သမားရိုးကျအုပ်စုခွဲထားသော အမျိုးသားနှင့် အမျိုးသမီး အုပ်စုနှစ်စုတွင် အကျုံးမဝင်သည့် အမျိုးသားများအား ခွဲခြားဆက်ဆံခြင်း** - လိင်မတူသူနှင့်သာ ချစ်ခင်စုံမက်ရမည်ဟူသည့် တင်းကျပ်သည့် မျှော်လင့်ချက်များ ထားရှိသည့် အခြေအနေတစ်ရပ်တွင် အမျိုးသားနှင့် အမျိုးသမီးဟူသည့် အုပ်စုနှစ်စုလုံးတွင် အကျုံးဝင်ခြင်း မရှိဘဲ လူ့ဘောင်အဖွဲ့အစည်း၏ တင်းကျပ်သည့် ကျား‌မ စံသတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိသော အမျိုးသားများသည် လူမှုအသိုင်းအဝိုင်းမှ ခွဲခြားဆက်ဆံခြင်း၊ နှုတ်ဖြင့် ခွဲခြားဆက်ဆံခြင်း၊ အလုပ်အကိုင်နှင့် ငှားရမ်းမှု စျေးကွက်တွင် ခွဲခြားဆက်ဆံခံရခြင်း၊ စော်ကားနှောင့်ယှက်မှု သို့မဟုတ် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ခြိမ်းခြောက်ငွေညှစ်ခံရမှု အန္တရာယ်များ တိုးပွားလာခြင်းတို့အပါအဝင် စိန်ခေါ်မှုများကို ရင်ဆိုင်ရပါသည်။ တည်ဆဲဥပဒေများမှာ ကန့်သတ် ချုပ်ချယ်မှုများရှိပြီး ခွဲခြားဆက်ဆံခြင်းမှ တရားဥပဒေအရ ကာကွယ်စောင့်ရှောက်ပေးမှုများ မရှိပါ။ ရုပ်ရှင်များ၊ မီဒီယာများ၊ ဇာတ်သဘင်များနှင့် ရုပ်သေးပွဲများတွင် မတူကွဲပြားသော လိင်စိတ်ခံယူမှုရှိသူများကို သေးသိမ် အောင်သရုပ်ဖော်မှုများက ခွဲခြားဆက်ဆံမှုနှင့် စော်ကားနှောင့်ယှက်မှုများရှိနေခြင်းကို ပြသလျက်ရှိပါသည်။

- **နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် အကူးအပြောင်းကာလ တရားမျှတမှု (transitional justice) ရရှိအောင် ဆောင်ရွက်ပေးခြင်းများ မရှိမှု** - ဒီမိုကရေစီအရေး လှုပ်ရှားမှုများအား နှိပ်ကွပ်ခဲ့မှုကြောင့် နိုင်ငံရေးအကျဉ်းသားများစွာသည် အလွန်ဆိုးရွားသော အခြေအနေများတွင် အကျဉ်းကျခဲ့ရပြီး ကာလရှည် ကြာကျန်ရစ်သည့် ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုစီးပွားဆိုင်ရာ အကျိုးသက်ရောက်မှုများကို ခံစားခဲ့ကြရသော်လည်း နိုင်ငံရေးဖြစ်စဉ်တွင် ယင်းကိစ္စအား ကိုင်တွယ်ဖြေရှင်းပေးမှု မရှိသလောက် နည်းပါးနေပါသည်။ သို့သော် ထိခိုက်နစ်နာခဲ့ရသူများမှာမူ အကျိုးဆက်အဖြစ် ကြွင်းကျန်ရစ်သည့် ဒဏ်ရာဒဏ်ချက်များကို ဆက်လက်ခံစားနေကြရပါသည်။ နိုင်ငံရေးအကျဉ်းသားများနှင့် ပြစ်မှုကျူးလွန်၍ အကျဉ်းကျသော ရာဇဝတ်သားများအား ပြည်သူလူထုမှ ခွဲခြားနားလည်ခြင်း မရှိမှုကြောင့်လည်း

နိုင်ငံရေးအကျဉ်းသားဟောင်းများမှာ လူမှုအဖွဲ့အစည်းနှင့် လုပ်သားဈေးကွက်အတွင်းတွင် ခွဲခြားဆက်ဆံခြင်းများကို ခံနေရပါသည်။ ဤကိစ္စသည် ရှင်သန်ကျန်ရစ်သော နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် အရေးကြီးသော ကိစ္စတစ်ခုဖြစ်ပြီး လက်ရှိ သတင်းလွတ်လပ်ခွင့်များ နည်းပါးလာသည့် အခြေအနေနှင့် လူမှုနိုင်ငံရေး ကန့်ကွက်ဆန္ဒပြမှုများအား ပြစ်မှုအဖြစ် သတ်မှတ်အရေးယူနေမှုများကို ကြည့်လျှင် အနာဂတ်တွင်လည်း နိုင်ငံရေးအကျဉ်းချမှုများ တိုးပွားလာနိုင်ခြေ ရှိနေပါသည်။

## စစ်နှင့် ငြိမ်းချမ်းရေး

- **လက်နက်ကိုင်အကြမ်းဖက်မှုနှင့် လက်နက်ကိုင်အုပ်စုများအတွင်း မဖြစ်မနေ ဝင်ရောက်အမှုထမ်းစေသည့် စနစ်** - ယောက်ျားပီသမှုဆိုင်ရာ မျှော်လင့်ချက်များ လွှမ်းမိုးကြီးစိုးနေခြင်းက အမျိုးသားများအား စစ်မှုမထမ်းမနေရစနစ်ကို ပေါ်ပေါက်စေပြီး ထိုစနစ်များတွင် မိမိသဘောဆန္ဒအလျောက် ရွေးချယ်ပိုင်ခွင့် အတိုင်းအတာမှာ အမျိုးမျိုးကွဲပြားမှုရှိပါသည်။ စစ်သင်တန်းများပေးခြင်းနှင့် စစ်အယူဝါဒသွတ်သွင်းခံရခြင်းများအပြင် ရှေ့တန်းတွင် အကြမ်းဖက်မှုနှင့် ဆိုးရွားသော အခြေအနေများကို ကြုံတွေ့ရမှု၊ မြင်တွေ့ရမှု၊ ကိုယ်တိုင်ကျူးလွန်ရမှုများကြောင့် ကုစားပေးခံရခြင်းမရှိခဲ့သည့် စိတ်ဒဏ်ရာများနှင့် ခက်ထန်သည့် စိတ်သဘောထားများက စစ်မှုထမ်း ဘဝမှ အငြိမ်းစားယူပြီးသည့်တိုင် ကာလရှည်ကြာ စွဲထင်ကျန်ရစ်နေပါသည်။ တပ်မတော်နှင့် အခြား လက်နက်ကိုင်အုပ်စုများ အားလုံးမှ စစ်မှုထမ်းဟောင်းများသည် စီးပွားရေး၊ လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေကြရပြီး စစ်ဝါဒသွတ်သွင်းခံထားရခြင်းက လူမှုဆက်ဆံရေးများအပေါ် သက်ရောက်မှုရှိသည့် အခြေအနေကို တွေ့ကြုံကြရပါသည်။
- **အတင်းအကြပ် အလုပ်စေခိုင်းခြင်း သို့မဟုတ် 'အထမ်းသမားအဖြစ်' အတင်းအကြပ်ခေါ်ဆောင်ခံရခြင်းတို့နှင့် ဆက်နွှယ်သည့် ထိခိုက်လွယ်မှုများ** - (အမျိုးသမီးများလည်း ခံရနိုင်ခြေ ရှိသည်မှန်သော်လည်း) အမျိုးသားများသည် လက်နက်ကိုင်တပ်ဖွဲ့များအတွက် အတင်းအကြပ် အလုပ်စေခိုင်းမှု သို့မဟုတ် လမ်းပြအဖြစ် သို့မဟုတ် အထမ်းသမားအဖြစ် အတင်းအကြပ်ခေါ်ဆောင်မှုတို့ ခံရနိုင်ခြေ ပိုများခဲ့ပြီး ယခုလည်း ထိုသို့ဖြစ်နေဆဲဖြစ်ပါသည်။ ယင်းသည် ခေါင်းပုံဖြတ်သည့် အခြေအနေများနှင့် ခြိမ်းခြောက်သည့် သို့မဟုတ် ကျူးလွန်သည့်အနေအထားများတွင် အများဆုံးဖြစ်ပြီး ထိခိုက်နစ်နာသူများ၏ ကိုယ်ကာယနှင့်စိတ် ကျန်းမာရေးအပေါ် ဆိုးရွားသည့် သက်ရောက်မှုများ ရေရှည်ဖြစ်ပွားနိုင်ပါသည်။ ထိုသို့ ထိခိုက်နစ်နာခဲ့ရမှုများကို အသိအမှတ်ပြုခြင်း သို့မဟုတ် ပေးလျော်မှုများနှင့် ပြန်လည်ထူထောင်ပေးမှုများ ယခုထက်တိုင် မရှိသေးဘဲ အဆိုပါအတွေ့အကြုံများကြောင့် ရရှိလာသော ဒဏ်ရာဒဏ်ချက်များမှာ ကျန်ရစ်နေဆဲ ဖြစ်ပါသည်။
- **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်းရှိ ဂျန်ဒါနှင့် ယောက်ျားပီသမှုဆိုင်ရာ ကိစ္စရပ်များ** - အမျိုးသမီးများနှင့် အမျိုးသားများအားလုံးသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ပါဝင်ဆောင်ရွက်ရာတွင် ကွဲပြားသော စိန်ခေါ်မှုများကို ရင်ဆိုင်ကြရပါသည်။ ယနေ့အချိန်အထိ အဓိကဆွေးနွေးနေသည့် အကြောင်းအရာများတွင် ဂျန်ဒါ ဆန်းစစ်လေ့လာမှုကို ဘက်စုံဆောင်ရွက်မှု မရှိကြသေးပါ။ သို့သော် ထိုသို့ ဘက်စုံလေ့လာဆောင်ရွက်မှုသည် မတူညီသော လိုအပ်ချက်များနှင့် ဦးစားပေးကိစ္စများကို သိရှိရန်အတွက် အရေးကြီးပြီး ထိုသို့ သိရှိမှသာ ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထို့ပြင် လုပ်ငန်းစဉ်များနှင့် အစီအစဉ်များတွင် ဂျန်ဒါဆန်းစစ် လေ့လာမှုပြုခြင်းသည် အမျိုးသားများကြား အခွင့်အာဏာနှင့် ဝါစဉ်အဆင့်ဆင့်ကို သိရှိရန် အထောက်အကူပြုနိုင်ပြီး ဂျန်ဒါ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (GPS) ကိစ္စများတွင် အမျိုးသားများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်အောင် ပြုလုပ်ပေးနိုင်မည့် ဝင်ပေါက်များကို ရရှိစေနိုင်ပါသည်။

## လူမှုရေးပင့်ပက္ခကိစ္စရပ်များ

- **လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအခြေပြုအကြမ်းဖက်မှု** - လူ့ဘောင်အဖွဲ့အစည်းအတွင်း အမျိုးသားများ ရော၊ အမျိုးသမီးများပါထားရှိသည့် ယောက်ျားပီသမှုဆိုင်ရာ မျှော်လင့်ချက်သည် SGBV အား ကျူးလွန်ခြင်း (အိမ်တွင်း အကြမ်းဖက်မှုနှင့် စုံတွဲများကြားအကြမ်းဖက်မှု အပါအဝင်) အကြမ်းဖက်မှုကို လျစ်လျူရှုကာ ခွင့်ပြုခြင်း၊ ကျူးလွန်သူများအား လွတ်မြောက်စေခြင်း၊ အကြမ်းဖက်ခံရသူများအပေါ် သမားရိုးကျ ဂျန်ဒါ မျှော်လင့်ချက်များနှင့်အညီ ဝတ်စားဆင်ယင်ခြင်း

သို့မဟုတ် ပြုမူခြင်း မရှိမှုကို အကြောင်းပြုကာ အပြစ်ဖို့ခြင်းတို့ကို ဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းပင် ဖြစ်ပါသည်။ ဤပြဿနာကို ကိုင်တွယ်ဖြေရှင်း ရန်နှင့် အကြမ်းဖက်ခံရသူများကို ပိုမို ပံ့ပိုးကူညီ ပေးနိုင်ရန် အတွက် ရပ်ရွာခေါင်းဆောင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းခေါင်းဆောင်များသည် SGBV ၏ အကြောင်းရင်းခံများဖြစ်သော ကျားမတန်းတူညီမျှမရှိမှုများ၊ အမျိုးသမီးများ၏ ခန္ဓာကိုယ်သည် အမျိုးသားများအတွက် ဖြစ်သည်ဟူသည့် အခြေအမြစ်မရှိသော ယူဆချက်၊ သဘောထား တောင်းခံရမည်ဟူသည့် အလွန်အရေးကြီးသော သဘောတရားများကို နားလည်သိရှိခြင်းမရှိမှု၊ စသည်တို့ကို ပိုမိုနားလည်သိရှိထားရန် လိုအပ်ပါသည်။

- အမျိုးသားများနှင့် ယောက်ျားလေးများသည်လည်း အိမ်တွင်းအကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၏ သားကောင်များ ဖြစ်လာနိုင်ပြီးၑင်းတို့အပေါ် ပြစ်တင်ကဲ့ရဲ့မှုများမှာ နှစ်ဆပိုများပါသည်။ ထို့ကြောင့် ဝန်ဆောင်မှုပေးသူများသည် ဤ ကိစ္စကို သိရှိကာဝန်ဆောင်မှုများ၊ ပံ့ပိုးကူညီမှုများပေးခြင်းဖြင့် ကိုင်တွယ်ဖြေရှင်းပေးသင့်ပါသည်။

- **မြေယာအငြင်းပွားမှု** - ဒေသန္တရအဆင့်ရှိ မြေယာအငြင်းပွားမှုကိစ္စရပ်များ ဖြေရှင်းရာတွင် ထုံးတမ်းစဉ်လာအရ ဩဇာအာဏာရှိသော အမျိုးသားခေါင်းဆောင်များကသာ ကြီးစိုးလေ့ရှိပြီး အသက်အရွယ်အားဖြင့် ငယ်ရွယ်သော သို့မဟုတ် အဆင့်အတန်းအားဖြင့် နိမ့်ပါးသော အမျိုးသမီးများနှင့် အမျိုးသားများကို ဖယ်ကြဉ်ထားကာ အမျိုးသားအကြီးအကဲများ ကြီးစိုးသည့်စနစ်မှတစ်ဆင့် လူ့ဘောင်အဖွဲ့အစည်း၏ အထက် အဆင့်များမှ လူများမှာ အကျိုးခံစားခွင့် ရရှိကြပါသည်။ မိသားစုပိုင်မြေယာများ (ယင်းနှင့် ဆက်စပ်သော အသက်မွေးဝမ်း ကျောင်းမှုလုပ်ငန်းများ) ကို ကာကွယ်စောင့်ရှောက်ပေးရမည်ဟူသည့် အမျိုးသားများအပေါ် ထားရှိသော မျှော်လင့်ချက်သည် စစ်တပ်၊ အစိုးရ သို့မဟုတ် ကုမ္ပဏီကြီးများကဲ့သို့ အင်အားကြီးမားသူများနှင့် ရင်ဆိုင်ရ သောအခါ ဂျန်ဒါနှင့်ဆက်နွှယ်သော ဖိအားများကို တိုးပွားစေပြီး မချင့်မရဲဖြစ်မှု၊ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်မှု၊ အိမ်ထောင်ရေးပြိုကွဲမှု သို့မဟုတ် အိမ်တွင်း အကြမ်းဖက်မှုများ တိုးပွားလာမှုတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ မြေယာနှင့် အသက်မွေးမှု လုပ်ငန်းများဆုံးရှုံးခြင်းသည် မိသားစုများအား ဆင်းရဲတွင်းသို့ ကျဆင်းစေပြီး အခြားအရပ်ဒေသများသို့ ရွှေ့ပြောင်းကာ အလုပ်အကိုင်ရှာဖွေမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများကိုလည်း ဖြစ်ပေါ်စေနိုင်ပါသည်။

- **မူးယစ်ဆေးဝါး နှင့်ဆက်စပ်သော အရာများကို အလွဲသုံးစားပြုလုပ်ခြင်း-** သုတေသနပြုလုပ်ခဲ့သော နေရာများအားလုံးတွင် ဖြေဆိုသူများက မူးယစ်ဆေးဝါးသုံးစွဲမှု မြင့်မားခြင်းနှင့် ယင်း၏ လူမှုရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို အဓိကပြဿနာတစ်ခုအဖြစ် စိုးရိမ်ပူပန်နေရမှုများအား တင်ပြကြပါသည်။ စီးပွားရေးကျပ်တည်းသော အခြေအနေများတွင် မိသားစုကို ရှာဖွေ ကျွေးမွေးရမည်ဟူ၍ အမျိုးသားများအပေါ် ထားရှိသည့် ဂျန်ဒါနှင့်စပ်လျဉ်းသော မျှော်လင့်ချက်များသည် အရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကို အားပေးနိုင်ပြီး ယင်းနှင့်ဆက်နွယ်ကာ အကြမ်းဖက်မှုအမျိုးမျိုးကို တိုးပွားလာစေနိုင်ပါသည်။ ထို့ကြောင့် အရက်နှင့် မူးယစ်ဆေးဝါး ပြဿနာအား ကိုင်တွယ်ဖြေရှင်းရာတွင် ဂျန်ဒါ ဆန်းစစ်လေ့လာမှု ပြုလုပ်ကာ ဆောင်ရွက်လျှင် ပိုမိုထိရောက်အကျိုး ရှိနိုင်ပါသည်။ မိသားစုကို ရှာဖွေကျွေးမွေးရမည်ဟူသည့် မျှော်လင့်ချက်များကို ပြည့်မီအောင် လုပ်ဆောင်ရမည်ဟု မိမိကိုယ်တိုင် ခံယူထားမှုနှင့် အမျိုးသားအချင်းချင်း ထံမှ ဖိအားများ ပေါင်းစပ်ကာ မချင့်မရဲဖြစ်သည့်၊ ခံပြင်းသည့် ခံစားချက်မျာကို ဖြစ်ပေါ်စေနိုင်ပြီး ယင်းခံစားချက်များမှတစ်ဆင့် မူးယစ်ဆေးဝါးသုံးစွဲမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ မူးယစ်ဆေးစွဲခြင်း သည် SGBV ၊ အိမ်တွင်း အကြမ်းဖက်မှုနှင့် ရာဇဝတ်ပြစ်မှုများကို အားပေးသည်ဟူသည့် အမြင်များရှိကြောင်း အရပ်ဖက်အဖွဲ့အစည်းများက ထုတ်ဖော်ပြောပြကြပြီး တရားဥပဒေစိုးမိုးရေးအတွက် ပိုမိုထိရောက်စွာ ဆောင်ရွက်ရန်လိုကြောင်း တိုက်တွန်းပြောဆိုကြပါသည်။

- **ရွှေ့ပြောင်းသွားလာမှု** - ပဋိပက္ခကြောင့်ဖြစ်စေ၊ စီးပွားရေးအတွက်ဖြစ်စေ လူများရွှေ့ပြောင်းသွားလာသည့် ပုံစံများအပေါ် ဂျန်ဒါမျှော်လင့်ချက်များက ဩဇာလွှမ်းမိုးမှုရှိပြီး ကျားမရေးရာ အခြေအနေများ ကိုလည်း ပုံဖော်ပေးပါသည်။ မြန်မာနိုင်ငံတွင် ပဋိပက္ခများဖြစ်ပွားနေခြင်း၊ သဘာဝဘေးအန္တရာယ်များ၊ မြေသိမ်းမှုနှင့် စီးပွားရေးနှင့် ပညာရေးအခွင့်အလမ်းများ

မရှိမှုတို့ ပေါင်းစပ်ကာ ပြည်တွင်း၊ ပြည်ပ ရွှေ့ပြောင်းသွားလာမှုကို များပြားစေပါသည်။ အတင်းအကြပ်နေရပ်စွန့်ခွာစေမှုများသည် မိသားစုများကို ဆင်းရဲတွင်းထဲ ရောက်စေကာ အမျိုးသားများအဖို့ မိသားစုအား ကာကွယ်စောင့်ရှောက်ရန် သို့မဟုတ် ရှာဖွေကျွေးမွေးရန်ဟူသည့် ကျားမရေးရာ မျှော်လင့်ချက်များ ပြည့်မီအောင် ဆောင်ရွက်ရာတွင် ကြီးမားသောအခက်အခဲများကို တွေ့စေပါသည်။ မချင့်မရဲဖြစ်မှု၊ ခံပြင်းမှုများက စိတ်ဓာတ်ကျခြင်း၊ မိမိကိုယ်မိမိသတ်သေလိုစိတ်ဖြစ်ခြင်းကဲ့သို့ စိတ်ကျန်းမာရေးပြဿနာများကို ဖြစ်ပွားစေနိုင်ပါသည်။ ထို့ပြင် အိမ်တွင်းအကြမ်းဖက်မှု အပါအဝင် အခြားသူများကို အကြမ်းဖက်ခြင်းများ ဖြစ်ပေါ်လာအောင်လည်း နှိုးဆွပေးနိုင်ပါသည်။ သုတေသနပြုခဲ့သည့် နေရာဒေသများတွင် စီးပွားရေးကြောင့် ရွှေ့ပြောင်းသွားလာမှုအတိုင်းအတာလည်း မြင့်မားပြီး နေရာဒေသအလိုက် ရွှေ့ပြောင်းသွားလာမှုများတွင် ကျားမ ကွာခြားမှု အချို့ကိုလည်း တွေ့ရပါသည်။ ရှမ်းပြည်နယ်တွင် အမျိုးသမီးများသည် မြို့ပြဒေသများသို့ ရွှေ့ ပြောင်းသွားလေ့ရှိပြီး အမျိုးသားများမှာ ဝင်ငွေပို များများ ရနိုင်သည့် ပိုမိုဝေးလံသော နေရာများသို့ ရွှေ့ပြောင်းသွားလာတတ်ပါသည်။ သို့သော် တနင်္သာရီတွင်မူ သမီးများက ရွှေ့ပြောင်းသွားလာ လုပ်ကိုင်မှု ပိုမို များပြားလာနေပြီး နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကာ မိသားစုကို ရှာဖွေထောက်ပံ့ ကျွေးမွေးသည့် တာဝန်အား ရယူလာသည်ကို တွေ့ရပါသည်။

တွေ့ရှိချက်များအရ အမျိုးသားများအပေါ် ထားရှိသော မိသားစုကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရှာဖွေကျွေးမွေးရန် ဟူသည့် မျှော်လင့်ချက်နှစ်ခုသည် ၎င်းတို့၏ အဆင့်အတန်းအနေအထားကို ထိန်းသိမ်းရန် သို့မဟုတ် တိုးမြှင့်ရန်နှင့် ဆက်နွယ်ချိတ်နေခြင်းက လက်နက်ကိုင်အကြမ်းဖက်များတွင် သို့မဟုတ် ဆန့်ကျင်ဘက်အနေဖြင့် ငြိမ်းချမ်းရေးကြိုး ပမ်းမှုများတွင် ပါဝင်ဆောင်ရွက်လာရန် တွန်းအားပေးနိုင်ကြောင်း ညွှန်ပြနေပါသည်။ အမျိုးသားများအပေါ် လူ့ဘောင်အဖွဲ့အစည်းမှ ထားရှိသော မျှော်လင့်ချက်များနှင့် အမျိုးသားများ၏ လက်တွေ့ဘဝအတွေ့အကြုံများကြား ကွာဟ ချက်သည် အမျိုးသားများ၏ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ ကျန်းမာရေးကို ထိခိုက်စေနိုင်ပြီး မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် SGBV အား ကျူးလွန်မှုကဲ့သို့သော အန္တရာယ်ရှိသည့် အပြုအမူများကို ပြုမူလာအောင် တွန်းအားပေးနိုင်ပြီး အထူးသဖြင့် အတင်းအကြပ်နေရပ်စွန့်ခွာခိုင်းခြင်း ခံရသော အမျိုးသားများနှင့် ဆိုးရွားသည့်အခြေအနေတွင် နေထိုင်လုပ်ကိုင်ရသော ရွှေ့ပြောင်းလုပ်သားများတွင် ထိုပြဿနာများ ပိုမိုကြုံတွေ့နိုင်ပါသည်။ ရှေ့တန်းစစ်မျက်နှာတွင် တိုက်ခိုက်ခဲ့ရသူများ ကြုံတွေ့ရသည့် စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများနှင့် စီးပွားရေးစိန်ခေါ်မှုများသည်လည်း တပ်အင်အားလျှော့ချခြင်းနှင့် ပြန်လည်ပေါင်းစည်းရေးအစီအစဉ်များကို ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် ကိစ္စရပ်များဖြစ်ပြီး စစ်မှုထမ်းဟောင်းများအတွက် အကြမ်းဖက်မှုနှင့် ဆက်နွယ်ခြင်း မရှိသောအသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ရှာဖွေနိုင်အောင် ပံ့ပိုးကူညီပေးဖို့ လိုအပ်ပါသည်။ ထိုကဲ့သို့သော အစီအစဉ်ဒီဇိုင်းတစ်ခုသည် ဂျန်ဒါဘက်စုံဆန်းစစ်လေ့လာမှုတစ်ခုကို အခြေခံကာ ရေးဆွဲသင့်ပါသည်။

အမျိုးသမီးအဖွဲ့အစည်းအများအပြား ဦးတည် ဆောင်ရွက်နေသည်မှာ ကဏ္ဍအသီးသီးတွင် ပါဝင်ဆောင်ရွက်နေသောအမျိုးသမီးများအရေအတွက်ကို ရေတွက်ခြင်းနှင့် အမျိုးသမီး ၃၀% ပါဝင်နိုင်အောင် အရေးဆိုခြင်း၊ ပဋိပက္ခတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကိစ္စကို မီးမောင်းထိုးပြခြင်းတို့ ဖြစ်ပါသည်။ ကဏ္ဍများအားလုံးတွင် ဂျန်ဒါကို ပေါင်းစပ်ထည့်သွင်းလုပ်ဆောင်မှုမှာ နည်းပါးနေပါသည်။ အမျိုးသမီးများကိုသာ ဦးတည်ကာ သီးသန့်ဆောင်ရွက်ခြင်းမျိုးကို မည်သည့်အခါမျှ မပြုလုပ်သင့်ပါ။ လူမှုရေးကဏ္ဍမှ စီးပွားရေး၊ သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့် လုံခြုံရေးကဏ္ဍများအထိ ကဏ္ဍများအားလုံးတွင် ပိုမိုအားကောင်းသည့် ဂျန်ဒါဆန်းစစ်လေ့လာမှုများကို ပြုလုပ်နိုင်လျှင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် များစွာ ပိုမိုအားကောင်းလာပါလိမ့်မည်။ အဆိုပါကဏ္ဍများရှိ ကွဲပြားသော ဂျန်ဒါအတွေ့အကြုံများကို ဆန်းစစ်လေ့လာမှုများ အားကောင်းလာပါက မတူကွဲပြားသောအကျိုးသက်ဆိုင်သူအုပ်စုများ၏ အမျိုးမျိုးသော လိုအပ်ချက်များနှင့် ဦးစားပေးကိစ္စရပ်များကို ဖြေရှင်းပေးနိုင်ခြေ ပိုမိုများပြားလာမည်ဖြစ်ပါသည်။ ထို့ပြင် ရေရှည် တည်တံ့၍ အားလုံးပါဝင်နိုင်သော ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ခု ရရှိနိုင်ခြေလည်း တိုးပွားလာမည်ဖြစ်ပါသည်။ ဤအလုပ်သည် အမျိုးသမီးများနှင့်သာသက်ဆိုင်သည့်အလုပ် မဟုတ်ပါ။ အမျိုးသားများသည်လည်း ဤဆန်းစစ် လေ့လာမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ကျားမတန်းတူညီမျှမှု အားပေးမြှင့်တင်ရေးတွင် တက်ကြွစွာ ပါဝင်ဆောင် ရွက်သင့်ပါသည်။ အလားတူပင် မြေယာပဋိပက္ခဖြေရှင်းမှုလုပ်ငန်းစဉ်တွင်လည်း အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်အောင် ဆောင်ရွက်ခြင်းဖြင့် အကျိုး

ကျေးဇူးများ ဖြစ်ထွန်းရရှိနိုင်ပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နောက်ဆုံးရရှိသည့် သဘောတူညီချက်မှန်သမျှအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူမှုအဖွဲ့အစည်းအတွင်းရှိ အားနည်းချို့တဲ့သူအုပ်စုများ၏ ပါဝင်ဆောင်ရွက်နိုင်မှုနှင့် ကျားမရေးရာ အကျိုးသက်ရောက်မှုများကို စောင့်ကြည့်လေ့လာသွားဖို့ လိုအပ်ပါသည်။ လက်ရှိဦးတည်ဆောင်ရွက်နေကြသည့် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်နိုင်မှု တိုးမြှင့်ပေးရေးလုပ်ငန်းများသည် အမျိုးသားများနှင့် ၎င်းတို့၏ အရေးကိစ္စများအား လျစ်လျူရှုထားသည်ဟု ရှုမြင်မှုများကြောင့် အစီအစဉ်အား ဆန့်ကျင်ခြင်း သို့မဟုတ် အတိုက်အခံပြုခြင်းများ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ရှိပါသည်။ ဂျန်ဒါအားလုံးကို ထည့်သွင်းစဉ်းစားပေးခြင်းဖြင့် ပဋိပက္ခနှင့် ပဋိပက္ခလွန် ကာလအပိုင်းအခြားများတွင် ဂျန်ဒါကိစ္စရပ်များသည် အမျိုးသားများရော၊ အမျိုးသမီးများအတွက်ပါ အဘယ်ကြောင့် အရေးကြီးကြောင်းနှင့် ထိုသို့ အရေးကြီးသည့်အတွက် ပိုမိုငြိမ်းချမ်းသာယာသော၊ ကျားမသာတူညီမှု ပိုရှိသော မြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် အမျိုးသားများရော အမျိုးသမီးများပါ အဘယ်ကြောင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်သင့်ကြောင်း ပိုမိုရှင်းလင်းထင်ရှားစေမည်ဖြစ်သည်။

## မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းစဉ်များအတွက် အားပေးပံ့ပိုး လုပ်ဆောင်နေသော အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ လုပ်ဆောင်သူများအတွက် အကြံပြုချက်များ

1. **ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတို့တွင် ကျားမတန်းတူညီမျှမှုနှင့် မတူကွဲပြားမှုများကို အားပေးမြှင့်တင်ရန်၊**

**ဂျန်ဒါ ≠ အမျိုးသမီး**

2. **ဂျန်ဒါဆိုသည်မှာ အမျိုးသမီးများကိုသာ ဆိုလိုခြင်း မဟုတ်ကြောင်း လက်ခံအသိအမှတ်ပြုရန် – အမျိုးသားများ၏ အရေးကိစ္စလည်း ဖြစ်ပါသည်။** ဂျန်ဒါဆိုသည်မှာ အမျိုးသမီးများ၊ အမျိုးသား များနှင့် မတူကွဲပြားသော SOGI ရှိသူများကြား လူ့ဘောင်အဖွဲ့အစည်းမှ သတ်မှတ်ထားသော ကွာခြားချက်များကို နားလည်သိရှိမှုကို ဆိုလိုခြင်းဖြစ်ပါသည်။ ဂျန်ဒါများကြား အခွင့်အာဏာဆက်နွယ်မှုနှင့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားကာ အခြားသော ဝိသေသလက္ခဏာများဖြစ်သည့် အသက်အရွယ်၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ လူမှုစီးပွားအလွှာ၊ နေရာဒေသ၊ ပညာရေးနှင့် မသန်စွမ်းမှု၊ စသည်တို့သည် ဂျန်ဒါနှင့် အပြန်အလှန်ချိတ်ဆက် နေပုံကို ထည့်သွင်းစဉ်းစားကာ အပြန်အလှန်ဆက်နွယ်ချိတ်ဆက်နေမှု ရှုထောင့်မှ ချဉ်းကပ်ဆောင်ရွက်သွားဖို့ လိုအပ်ပါသည်။

3. **ဂျန်ဒါအား လုပ်ငန်းတိုင်းတွင် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရာတွင် 'အမျိုးသမီးများကို ထည့်သွင်းခြင်း' သက်သက်ထက်ပို၍** ဆောင်ရွက်ရန် – စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်းနှင့် ဂျန်ဒါ အကျိုးသက်ရောက်မှုများ စောင့်ကြည့်လေ့လာခြင်း တို့အတွက် မူလအစတည်းက ဂျန်ဒါဘက်စုံဆန်းစစ် လေ့လာမှုကို အခြေခံကာ ဆောင်ရွက်သင့်ပါသည်။ ဂျန်ဒါအား လုပ်ငန်းတိုင်းတွင် ထည့်သွင်းစဉ်းစား ဆောင်ရွက်ခြင်းသည် အကျိုးမဲ့ပေါင်းစပ်ခြင်း မဟုတ်ပါ။ အမျိုးသားများကလည်း အမျိုးသမီးများကို နေရာပေးလျက် လက်ရှိ အချို့သော သာတူညီမျှမရှိမှုတို့ကို စွန့်လွှတ်သင့်ပြီး အပြန်အလှန်အားဖြင့် အမျိုးသားများ၏ အလွယ်တကူမမြင်နိုင်သော လိုအပ်ချက်များနှင့် ထိခိုက်လွယ်မှုများကို ထည့်သွင်းစဉ်းစား ဆောင်ရွက်သင့်သည်။

4. အမျိုးသားများ၏ ဂျန်ဒါဝိသေသများကို သိရှိရန်နှင့် ပဋိပက္ခတွင် အကြမ်းဖက်မှုနှင့် SGBV ကို ဖြစ်စေ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက်ဖြစ်စေ **၎င်းတို့၏ ပြုမူဆောင်ရွက်ပုံများအား မျှော်လင့်ချက်များက မည်သို့ တွန်းအားပေးနေသည်ကို** နားလည်သိရှိရန်ဖြစ်ပြီး ယင်းသည် အနာဂတ်တွင် ဆောင်ရွက်ဖွယ်ရှိသော လက်နက်ဖြုတ်သိမ်းမှု၊ တပ်အင်အား လျှော့ချမှုနှင့် ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ် မှန်သမျှတွင် မရှိမဖြစ် အရေးကြီးမည် ဖြစ်သည်။

5. **အမျိုးသားများ၏ ထိခိုက်လွယ်မှုများကို သိရှိရန်နှင့် ကိုင်တွယ်ဖြေရှင်းပေးရန်။** ဥပမာ မသန်စွမ်းသော အမျိုးသားများ၊ သမားရိုးကျခွဲထားသော ကျားမ အုပ်စုနှစ်စုတွင် အကျုံးမဝင်သော အမျိုးသားများ၊ နိုင်ငံရေးအကျဉ်းသမားဟောင်းများနှင့် အတွင်း

အကြပ် အလုပ်စေခိုင်းခံရသူများ၊ မူးယစ်ဆေးစွဲနေသူများ၊ နေရပ်စွန့်ခွာသူများ၊ ပြည်တွင်းရွှေ့ပြောင်းလုပ်သားများနှင့် စစ်မှုထမ်းဟောင်းများ၏ ထိခိုက်လွယ်မှုများ ဖြစ်ပါသည်။

- မှတ်စု - လက်ခံထားသော ယောက်ျားပီသမှုစံများအရ 'ထိခိုက်လွယ်မှုများ' ဟူသော စကားလုံးကို သတိထား၍ သုံးနှုန်းရပါမည်။ အဘယ်ကြောင့်ဆိုသော် ထိခိုက်လွယ်သည်ဟု အမည်တပ်ခံရခြင်းက ဆန့်ကျင်မှုများနှင့် ပါဝင်ဆောင်ရွက်ခြင်း မရှိမှုများကို ဖြစ်ပေါ်စေနိုင်သောကြောင့် ဖြစ်ပါသည်။

6. ငြိမ်းချမ်းရေးနှင့် ကျားမတန်းတူညီမျှရေးအတွက် တွန်းအားပေးဆွေးနွေးအရေးဆိုရာတွင် **အမျိုးသားများ ပါဝင်ဆောင်ရွက်နိုင်မည့် အလားအလာကို ကူညီပံ့ပိုးပေးရန်** – အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ရေး ရပ်တည်ပြောဆိုခြင်း၊ အမျိုးသမီးများ၏ အမြင်များ တင်ပြနိုင်မည့် အခွင့်အလမ်းများကို ဖန်တီးပေးခြင်း၊ ဂျန်ဒါ ရှုထောင့်များကို အလေးအနက်ဆင်ခြင်စဉ်းစားခြင်း၊ မတူကွဲပြားမှုများကို လက်ခံနိုင်မှု၊ စာနာမှု၊ အားလုံး ပါဝင်နိုင်မှုနှင့် ငြိမ်းချမ်းရေးတို့ကို အားပေးမြှင့်တင်သည့် ပိုမိုအပြုသဘောဆောင်သော ယောက်ျားပီသမှု ပုံစံများကို နမူနာတည်ဆောက်ခြင်း ကဲ့သို့သော ကျားမတန်းတူညီမျှမှုအတွက် အခိုင်အမာ အရေးယူဆောင်ရွက်ချက်များကို အမျိုးသားများအား တာဝန်ပေးအပ်ခြင်း ဖြစ်ပါသည်။ အကြမ်းဖက်မှုကို ဆန့်ကျင်ပြောဆိုခြင်း၊ မတူကွဲပြားမှုများကို လက်ခံမှု၊ ကျားမတန်းတူညီမျှမှုနှင့် လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုတို့အတွက် ရပ်တည်ပြောဆိုခြင်းတို့တွင် အမျိုးသားများ၏ အမြင်များ၊ ပြောရေးဆိုခွင့်များကို အားပေးမြှင့်တင်ရပါမည်။

- အမျိုးသားများအား ၎င်းတို့မည်သို့ ပြုမူသင့်ကြောင်း လက်တွေ့ကျသော အကြံပြုချက်များ ပံ့ပိုးပေးခြင်း - အမျိုးသမီးများအတွက် စိုးရိမ်သည့် အရာများကို မေးမြန်းခြင်း၊ အမျိုးသမီးများ၏ ဖွင့်ဟပြောဆိုမှုကို လေးစားခြင်း၊ အမျိုးသားများ ချည်းသာ စကားဝိုင်းဦးဆောင် ဆွေးနွေးမှုကို ဆန့်ကျင်ခြင်း၊ ဆွေးနွေးပွဲတက်ရောက်သူ အမျိုးသမီးများအတွက် ကလေးပြုစုစောင့်ရှောက်ခြင်း ဝန်ဆောင်မှုရရှိစေခြင်းနှင့် အစည်းဝေးပွဲများ တက်ရောက်နိုင်ရန် ကြိုတင်အကြောင်းကြားစေခြင်း။

- မှတ်စု - သို့သော် အမျိုးသမီးများ၏ အမြင်များကို တာဝန်ခံမှုနှင့် အမျိုးသမီးများ၏ ရှုထောင့်အမြင်များကို တန်းတူတန်ဖိုးထားမှုတို့ရှိရန် လိုအပ်ပါသည်။ အမျိုးသားများကို ဘက်လိုက်ခြင်းနှင့် အမျိုးသားများ ကြီးစိုးခြင်း ပုံစံသစ်တစ်ခု မဖြစ်သင့်ပါ။

7. **အမျိုးသားများနှင့် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်း၊** အမျိုးသမီးများကို ဦးတည်ဆောင်ရွက်သော လုပ်ငန်းများ၏ ရည်ရွယ်ချက်များနှင့် ထိုသို့ ဆောင်ရွက်ရခြင်း၏ အကြောင်းများကို ဆက်သွယ်အသိပေးခြင်းဖြင့် **အမျိုးသမီးများအား ဆန့်ကျင်တုံ့ပြန်မှုများကို တားဆီးပေးရန်၊**

8. **ဂျန်ဒါအသိအမြင်နိုးကြားသော စိတ်လူမှု ပံ့ပိုးကူညီမှုနှင့် အကူးအပြောင်းကာလ တရားမျှတမှု သို့မဟုတ် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များကို ပံ့ပိုးကူညီရန်**နှင့် ထိုပံ့ပိုးမှုများတွင် ဂျန်ဒါကို အဓိကဦးတည်သော တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ခြင်း၊ ပဋိပက္ခတွင်း လိင်အကြမ်းဖက်မှုဖြစ်နိုင်ခြေကို သတိပြုလုပ်ဆောင်ခြင်းအပြင် အမျိုးသားများအား အဓမ္မအထမ်းသမားအဖြစ် ခေါ်ဆောင်ခြင်း၊ အလုပ်စေခိုင်းခြင်း၊ စစ်မှုထမ်းစေခြင်း နှင့် လိင်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်ခြင်း အစရှိသော နှိပ်စက်စော်ကားခြင်းမှုများကို အသိအမှတ်ပြုခြင်းတို့ ပါဝင်သည်။

9. **SGBV ၏ အကြောင်းရင်းခံများဖြစ်သော** အမြစ်တွယ်နေသည့် ကျားမတန်းတူညီမျှ မရှိမှုများ၊ အမျိုးသမီးများ၏ ခန္ဓာကိုယ်သည် အမျိုးသားများအတွက် ဖြစ်သည်ဟူသည့် အခြေအမြစ်မရှိသော အသိများ၊ သဘော ထားတောင်းခံရမည်ဟူသည့် အရေးကြီးသော သဘောတရားများအား နားလည်သိရှိခြင်း မရှိမှု၊ စသည်တို့အား **ပိုမို နားလည်သိရှိလာအောင် အားပေးမြှင့်တင်ရန်၊** ကျူးလွန်သူအစား နစ်နာသူအား အပြစ်တင်သည့် ပိုမိုကျယ်ပြန့်သော လူမှုရေးစံများကို ပြောင်းလဲပစ်ရန်နှင့် ထိုကဲ့သို့သော ပြစ်မှုများအား ခွင့်လွှတ်ခြင်း သို့မဟုတ် အထောက်အကူပေးခြင်း မရှိသည့် သဘောထားများ ဖြစ်ပေါ်လာအောင် ဖန်တီးခြင်းတို့ ပါဝင်ပါသည်။

10. **ဆုံးဖြတ်ချက်ချမှတ်မှုနှင့် ပဋိပက္ခများ ဖြေရှင်းမှုတို့တွင် အမျိုးသမီးများနှင့် လူငယ်များအတွက် စွမ်းဆောင်ရည်များနှင့် အခွင့်အလမ်းများ ရရှိအောင်**

**ပံ့ပိုးကူညီရန်၊** မြေယာအငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းခြင်း၊ အမျိုးသမီးများ၏ လူမှုပံ့သွင်းခံထားရမှုများကို အခြေပြုကာ ပဋိပက္ခများအား ပိုမိုအပြုသဘောဆောင်၍ ငြိမ်းချမ်းသော နည်းလမ်းများဖြင့် ချဉ်းကပ်ဆောင်ရွက်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။ အမျိုးသားများနှင့် ယောက်ျားလေးများ၏ အဆင့်အတန်းနှင့် အခွင့်အာဏာကို အခြေခံသော ဆုံးဖြတ်ချက် ချမှတ်ပိုင်ခွင့်ထက် တရားမျှတမှု၊ တရားသဖြင့်ဖြစ်စေမှု၊ စာနာမှုနှင့် ပါဝင်ဆောင်ရွက်မှုတို့ကို တန်ဖိုးထားကာ အကြမ်းမဖက်သောနည်းဖြင့် ပဋိပက္ခကို ဖြေရှင်းနိုင်သော စွမ်းရည်များကို အားပေး မြှင့်တင်ရပါမည်။

11. **မူးယစ်ဆေးဝါးပြဿနာ တုံ့ပြန်ဆောင်ရွက်မှုများအား ဂျန်ဒါဆန်းစစ်လေ့လာမှုပေါ်တွင် အခြေပြု ဆောင်ရွက်မည်ဆိုလျှင်** ဆယ်ကျော်သက်များနှင့် အသက်ကြီးသော အမျိုးသားများအပေါ်ထားရှိသည့် ကျားမရေးရာစံများနှင့် မျှော်လင့်ချက်များကို အာရုံစိုက်နိုင်ပြီး ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ကပ်ရောဂါ တစ်ခုကဲ့သို့ ဖြစ်ပွားနေသော မူးယစ်ဆေးဝါးပြဿနာအား အဆုံးသတ်စေရေး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ရန် အရပ်ဖက်လူမှု အဖွဲ့အစည်း၊ အစိုးရ၊ ဘာသာရေး၊ စီးပွားရေးနှင့် နိုင်ငံရေး/ရပ်ရွာခေါင်းဆောင်များနှင့် ပူးပေါင်းလုပ်ဆောင်သွားရပါမည်။

12. **ကျားမတန်းတူညီမျှမှုနှင့်** SGBV အကြမ်းဖက်ခံရသူများအား လေးစားစွာနှင့် ဂျန်ဒါအသိအမြင်နိုးကြားစွာ ဆက်ဆံရေး အပါအဝင် IDP စခန်းများရှိ ဆယ်ကျော်သက်များအတွက် **သဘောထား တောင်းခံမှုဆိုင်ရာ အဓိကကိစ္စရပ်များအကြောင်း အသိပညာ ဖြန့်ဝေသည့် လှုပ်ရှားမှုများနှင့် အစီအစဉ်များကို ရေးဆွဲကာ အကောင်အထည်ဖော်ရန်၊**

13. **အမျိုးသမီးများအတွက်ရော၊ အမျိုးသားများအတွက်**ပါ ကျားမရေးရာမျှော်လင့်ချက်များနှင့်စပ်လျဉ်းသည့် ဖိအားများ၊ ၎င်းတို့နှင့် အကျိုးရှိစွာ မည်သို့ညှိနှိုင်းဆောင်ရွက်ရမည်ဆိုသည်များအပါအဝင် **ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာလုပ်ကိုင်မှုများဖြစ်စေရန် အသိပညာဖြန့်ဝေပေးခြင်းနှင့် ပံ့ပိုးကူညီပေးခြင်းများ ဆောင်ရွက်ရန်၊**

14. အကြမ်းဖက်မှုများသည် ရွှေ့ပြောင်းလုပ်သားများနှင့် ဆက်နွှယ်နေသည်ဟူသော အမြင်များ မရှိစေရန်နှင့် ရွှေ့ပြောင်းလုပ်သားများ ကျူးလွန်သည့် SGBV များအား ဒေသခံများမှ အကြမ်းဖက်တုံ့ပြန်နိုင်ခြေများကို ရှောင်ရှားနိုင်ရန်အတွက် **ဒေသတစ်ခုအတွင်းသို့ ရွှေ့ပြောင်းအခြေချမှုများကို ဒေသခံများ၏ တုံ့ပြန်မှု နှင့် လူမှုကျွမ်းဝင်ရင်းနှီးပေါင်းစပ်မှုအပေါ် သက်ရောက်မှုများကို စောင့်ကြည့်လေ့လာရန် ဖြစ်ပါသည်။** ဒေသခံများသည် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများအား အပြုသဘောဆောင်သော၊ အကြမ်းမဖက်သော နည်းလမ်းများဖြင့် မျှဝေပြောဆိုနိုင်သည့် အခွင့် အလမ်းကို ဖန်တီးပေးရန်၊ စာနာမှုနှင့် ကွဲပြားမှုများကို နားလည်လက်ခံမှုတို့ကို ပြုစုပျိုးထောင်ရန်၊ အငြိုး အတေးဖြင့် ကောလဟာလဖန်တီးမှု၊ တစ်ဖက်သတ် မလိုမုန်းထားမှုများကို တန်ပြန်ဆောင်ရွက်နိုင်မည့် အချက်အလက်များကို လေ့လာရန်ရည်ရွယ်၍ ဒေသန္တရအဆင့် ရွှေ့ပြောင်းအခြေချမှုနှင့် ယင်းနှင့်စပ်လျဉ်းသော ပြောင်းလဲမှုများအကြောင်း ဆွေးနွေးဖလှယ်ပွဲများအား ဂရုတစိုက်နှင့် ပွင့်လင်းမြင်သာစွာ စီစဉ်ဆောင်ရွက်သင့်ပါသည်။

## ကျေးဇူးတင်လွှာ

ဤမူဝါဒစာတမ်းတိုတွင် ဖော်ပြထားသော တွေ့ရှိချက်များနှင့် အကြံပြုချက်များသည် "မျက်နှာဖုံးများ၏နောက်ကွယ် - မြန်မာနိုင်ငံရှိ ယောက်ျားပီသမှုလက္ခဏာများ၊ ဂျန်ဒါ၊ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း" နှင့် "ကကြိုးဆွဲမှုများ - မြန်မာနိုင်ငံရှိ ယောက်ျားပီသမှုလက္ခဏာများ၊ ဂျန်ဒါနှင့် လူမှုရေး ပဋိပက္ခများ" ဆိုသည့် သုတေသနအစီရင်ခံစာနှစ်စောင်ကို အခြေခံထားပါသည်။

စာရေးသူသည် ရန်ကုန်၊ ရှမ်းပြည်နယ်တောင်ပိုင်း နှင့် တနင်္သာရီတိုင်းဒေသကြီးတို့အတွင်း ပြုလုပ်ခဲ့သော သုတေသနပြုရာတွင် မိမိတို့အမြင်များကို မျှဝေပေးခဲ့သော လူပုဂ္ဂိုလ်အသီးသီး၊ အဖွဲ့အစည်းများနှင့် ဒေသခံများအား ကျေးဇူးတင်ရှိပါသည်။ ဤသုတေသနအတွက် Paung Sie Facility က ရန်ပုံငွေ ပံ့ပိုးပေးခဲ့ပါသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော အမြင်များသည် International Alert ၏ အမြင်များသာဖြစ်ပြီး အလှူရှင်များ၏အမြင်များ သို့မဟုတ် မူဝါဒများကို ကိုယ်စားပြုခြင်း မရှိပါ။

**International Alert**
Tel: +44 20 7627 6800
Email: info@international-alert.org
www.international-alert.org

**Phan Tee Eain (Creative Home)**
Tel: +95 9 441 111 667
Email: info@phanteeeain-myanmar.org
www.phanteeeain-myanmar.org

**Thingaha Gender Organization**
Tel: +95 9 732 266 31
Email: thingaha@thingaha.org
www.thingaha-gender.com

© International Alert/Phan Tee Eain/Thingaha Gender Organization 2018

မူပိုင်ခွင့်များအားလုံးထိန်းသိမ်းထားပါသည်။ စာရေးသူများအား အပြည့်အစုံ ရည်ညွှန်းဖော်ပြခြင်းမရှိဘဲ ဤစာအုပ်၏ မည်သည့် အစိတ်အပိုင်းကိုမျှ ကူးယူခြင်း၊ သိမ်းဆည်းထားခြင်း သို့မဟုတ် အီလက်ထရောနစ်၊ စက်ကိရိယာ၊ မိတ္တူကူးယူမှု၊ အသံဖမ်းမှု သို့မဟုတ် အခြားမည်သည့်ပုံစံ၊ မည့်သည့် နည်းလမ်းနှင့်မျှ လွှဲပြောင်းပေးပို့ခြင်း မပြုရပါ။

ဒီဇိုင်းအပြင်အဆင် - Nick Wilmot Creative
မျက်နှာဖုံးပန်းချီ - ဝလုံး